ကညီသးစါကရၢ လီၢ်ခၢဉ်သး(ကီၢ်သူလ့ၤ)
**KAREN YOUTH ORGANIZATION CENTRAL (Kaw Thoo Lei)**
**P. O. Box -105, Mae Sot, Tak 63110, Thailand. Email: kyohqktl@yahoo.com**

ကရင်သက္ကရာဇ် – ၂၇၄၉ ခုနှစ် ၊ ပြာသိုလဆန်း(၁)ရက်။
ခရစ်သက္ကရာဇ် – ၂၀၀၉ ခုနှစ် ၊ ဒီဇင်ဘာလ(၁၆)ရက်။

## (၂၇၄၉)ခုနှစ် ကရင်နှစ်သစ်ကူးနေ့ သို့ ပေးပို့သော ကရင်လူငယ်အစည်းအရုံး၏သဝဏ်လွှာ

ကရင်အမျိုးသားအပေါင်းတို့ –
ကရင်လူငယ်အပေါင်းတို့ –

ယနေ့ကျရောက်သော ပြာသိုလဆန်း(၁)ရက်နေ့သည် ကရင်အမျိုးသားတို့၏ နှစ်သစ်ဖြစ်သော (၂၇၄၉)ခုနှစ် ထဲသို့ ကူးဝင်ခဲ့ပြီးဖြစ်၍ နှစ်သစ်ကိုမီခဲ့ကြသော ကရင်အမျိုးသားများအတွက် ပျော်ရွှင်ဝမ်းမြောက်ဖွယ်ရာနေ့ဖြစ်ပါသည်။ (၂၇၄၉)ခုနှစ်တွင် ကျရောက်သော ကရင်အမျိုးသားနှစ်သစ်ကူးနေ့တွင် ကရင်အမျိုးသားအားလုံး ကျန်းမာခြင်း၊ ပျော်ရွှင်ခြင်း၊ လိုအပ်မှုများ ပြည့်စုံစွာ ရရှိခံစားခြင်း၊ ရန်သူအခက်အခဲတို့လက်မှ လွတ်မြောက်ခြင်း တို့နှင့်အတူ ကရင်သက္ကရာဇ် (၂၇၄၉)ခုနှစ်အား ကောင်းမွန်စွာဖြင့် ဖြတ်သန်းသွားနိုင်ကြစေရန်အတွက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကရင်အမျိုးသားနှစ်သစ်ကူးနေ့အဖြစ် အသိအမှတ်ပြု ရရှိစေရန်အတွက် ကရင်အမျိုးသားခေါင်းဆောင် ကြီးများသည်၊ လွှတ်တော်အတွင်းရှိ ဥပဒေတွင်းတိုက်ပွဲအဖြစ် ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်ခဲ့ကြရာမှ ရရှိခဲ့သော နေ့ထူးနေ့မြတ် တနေ့ဖြစ်သည်။ ကရင် နှစ်သစ်ကူးနေ့ အဖြစ် အသိအမှတ်ပြု ဖြစ်ပေါ်လာသည့်အတွက် ယနေ့ထက်ထိတိုင်အောင် ကရင်နှစ်သစ်ကူးနေ့အား ခမ်းနားစွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြသလို နိုင်ငံတကာတွင်လည်း ကရင်လူမျိုးနှင့်အတူ ကရင် နှစ်သစ်ကူးနေ့အားသိရှိ၍ ခမ်းနားစွာ ပေါ်ပေါက်လာရေး အတွက် လက်ရှိကရင်အမျိုးသားများအနေဖြင့် လုပ်ဆောင်ရမည့် တာဝန်ဖြစ်သည်။

ထို့အတူ မိမိတို့ခေါင်းဆောင်ကြီးများမှ ကရင်အမျိုးသားများအတွက် ကရင်နှစ်သစ်ကူးနေ့အား ဖြစ်ပေါ်လာစေခဲ့ သလို ယနေ့ခေတ်ကာလရှိ ကရင်အမျိုးသား များသည် မိမိတို့ ကရင်အမျိုးသားများ၏ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ရရှိရေး၊ ကရင်အမျိုးသားများအား ဖိနှိပ်ကျွန်ပြုခြင်းမှလွတ်မြောက်ရေး၊ ကရင်လူမျိုးများအတွက် ကရင်ပြည်ရရှိရေး၊ ကရင်လူမျိုးများ လွတ်လပ်စွာသွားလာနေထိုင် လုပ်ကိုင်စားသောက်နိုင်ရေးတို့သည် လက်ရှိကရင်လူမျိုးများ အားလုံး၏ တာဝန်ဖြစ်သည်ဆိုတာကို လုံးဝသိရှိရမှာ ဖြစ်သည်။

ကရင်လူမျိုးများ၏ ရိုးသားဖြောင့်မတ်မှု၊ အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်မှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ညှော့ဝတ်ကျေပွန်မှုတို့သည် ကရင်လူမျိုးတို့၏ မြင့်မြတ်လှသည့် ဂုဏ်အင်္ဂါလက္ခဏာဖြစ်သည်။ လူမျိုးတမျိုး၏ဂုဏ်သိက္ခာ ရှိသော လုပခြင်းတရားကိုဖေါ်ဆောင်ရာတွင် လူငယ်များဖြစ်ကြသည်။ အထူးသဖြင့် လူငယ်များအနေဖြင့် မိမိတို့ ကရင်အမျိုးသားရေးကို လုပ်ရှားဆောင်ရွက်တိုက်ပွဲဝင်ရမှာဖြစ်ပါသည်။ ကရင်လူမျိုးဖြစ်သည်နှင့်အညီ ကရင်လူမျိုး ဖြစ်ရသည့်အတွက် ကရင်အမျိုးသားရေးကို လုပ်ဆောင်ရမည်မှာဖြစ်သည်။

လက်ရှိကာလတွင် မြန်မာပြည်ကို ဖိနှိပ်အုပ်ချုပ်နေသော စစ်အစိုးရသည် တိုင်းရင်းသားလူမျိုးများအချင်းချင်း၊ မျိုးနွယ်စုအချင်းချင်းအား ရန်ဖက်များအသွင်ဖြစ်အောင် နယ်ခြားစောင့်တပ်၊ပြည်သူ့စစ်များအသွင်ဖြင့် ဖန်တီးလုပ်ဆောင် နေသည်ကို တွေ့ရသည်။ မျိုးနွယ်စုအချင်းချင်းအား ရန်ဖက်အသွင်ရှိစေခြင်းဖြင့် နောင်ကာလများတွင် ညီအစ်ကိုမောင်နှမ အချင်းချင်းတို့သည် တဦးကိုတဦးမျက်နှာ မကြည့်ချင်တော့သည်အထိ မုန်းတီးမှုအာဃာတ များရှိနေစေရန်ဖြစ်သည်။

ထို့အတွက်ကြောင့် ကရင်လူငယ်များအနေဖြင့် ယနေ့ဖြစ်ပေါ်ခံစား နေရသော ကရင်အမျိုးသားများ၏ ခက်ခဲစွာ ဖြတ်သန်း ရုန်းကန်နေရသည့် ဘဝရပ်တည်နေမှုများကို လွန်မြောက်စေရန်၊ ပြီးပြည့်စုံသည့် ဘဝကိုပိုင်ဆိုင်ရရှိနိုင်ရေး၊ အုပ်စိုးသူစစ်အုပ်စု၏ သတ်လျှို့ဖန်တီးမှုကို နားလည်သဘောပေါက်ပြီး ကရင်လူမျိုးများ၏ သွေးချင်းများဖြင့် တစုတစည်းတည်း ကရင်အမျိုးသားရေးကို စည်းလုံးညီညွတ်စွာဖြင့် ရင်ဆိုင်တိုက်ပွဲဝင် သွားကြရမည်ဖြစ်သည်။

ကရင်လူမျိုးများနှင့်အတူ ဘဝတူတိုင်းရင်းသားလူမျိုးများအားလုံး ကရင်သက္ကရာဇ် (၂၇၄၉) ခုနှစ်မှသည် နောင်လာမည့် နှစ်သစ်များနှင့်အတူ အားသစ်အင်သစ်ခွန်အားသစ်များဖြင့် မိမိတို့၏ကမ္ဘာပေါ်ရှိလူသားမျိုးနွယ်စုများ၏ လွှပ်လပ်မှုကို ရရှိပိုင်ဆိုင်ကြစေရန် ဆုမွန်ကောင်း တောင်းမေတ္တာပို့သရင်း ဤသဝဏ်လွှာအားပေးပို့လိုက်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မီတီ
ကရင်လူငယ်အစည်းအရုံး
(ကော်သူးလေ)